# ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

office@crphmyanmar.org

ရက်စွဲ။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်

## မြန်မာနိုင်ငံသို့ လာရောက်မည့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၏ ခရီးစဉ်နှင့် ပတ်သတ်၍ သဘောထား ထုတ်ပြန်ချက်

၁။ မြန်မာ့အာဏာသိမ်း စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN ခေါင်းဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့မှ ၈ ရက်နေ့အထိ လာရောက်လည်ပတ်မည် ဖြစ်ပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် အာဆီယံအဖွဲ့၏ တိုးတက်မှုများအပေါ် တွေ့ဆုံဆွေးနွေးသွားမည် ဖြစ်ကြောင်း ထုတ်ပြန်ထားသည်ကို သိရှိရပါသည်။

၂။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စ၍ မြန်မာပြည်သူများအပေါ်၌ လူမဆန်သော အကြမ်းဖက်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို ၎င်းတို့အာဏာတည်မြဲရေးအတွက် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေသည့် အာဏာသိမ်းစစ်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမည့် ၂၀၂၂ ခုနှစ်အတွက် အာဆီယံ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သူ ကမ္ဘောဒီးယားဝန်ကြီးချုပ်အနေဖြင့် မြန်မာပြည်သူများ၏ ဆန္ဒသဘောထားနှင့် ဒီမိုကရေစီအတွက် ကြိုးပမ်းအားထုတ်မှုများကို လေးစားလိုက်နာရန် တိုက်တွန်းပါသည်။

၃။ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်နေသော ပြဿနာများသည် အတ္တဆန်သော စစ်အာဏာရှင်မင်းအောင်လှိုင်နှင့် စစ်ခေါင်းဆောင်များကြောင့်သာ ဖြစ်ပွားခဲ့ရခြင်း ဖြစ်ပါသည်။ မြန်မာပြည်သူများအပေါ်၌ ဥပဒေမဲ့ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်နေပြီး လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အကြမ်းဖက်မှုများပြုလုပ်နေသည့် စစ်ခေါင်းဆောင်များအား လူ့အသိုက်အဝိုင်းမှ ဖယ်ကျဉ်ထားရမည် ဖြစ်

ပြီး ၎င်းတို့နှင့် တွေ့ဆုံဆွေးနွေးမှုသည် မြန်မာနိုင်ငံနှင့် ပြည်သူလူထုအတွက် အကျိုးတစ်စုံတစ်ရာ မရှိနိုင်ပါ။

၄။ မြန်မာနိုင်ငံ၏ အကျိုးစီးပွားအတွက် ထိရောက်သည့် တွေ့ဆုံဆွေးနွေးမှုများဖြင့် ငြိမ်းချမ်းစွာအဖြေရှာနိုင်ရေး အာဆီယံခေါင်းဆောင်များက သဘောတူညီထားသည့် ဘုံသဘောတူညီချက် (၅) ချက်အပေါ် လုံးဝပူးပေါင်းဆောင်ရွက်ခြင်း မရှိသည့် အာဏာသိမ်းခေါင်းဆောင်နှင့် တွေ့ဆုံဆွေးနွေးမှုအပေါ် မြန်မာပြည်သူများက အလွန်အမျက်ထွက် စိတ်ပျက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် တည်ရှိပြီးသော ဆက်ဆံရေးကောင်းများနှင့် တည်ဆောက်ထားခဲ့သည့် နှစ်နိုင်ငံ ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုများကို ထိန်းသိမ်းသွားရန် တိုက်တွန်းပါသည်။

၅။ မြန်မာနိုင်ငံ၏ အရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ မြန်မာပြည်သူလူထုက ဆန္ဒမဲပေး ရွေးချယ်ထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၊ အမျိုးသားညီညွတ်ရေးအစိုးရ တို့အပါအဝင် တရားဝင် အဖွဲ့အစည်းများနှင့်သာ ပူးပေါင်းဆောင်ရွက်ရန် ထပ်မံတိုက်တွန်းပြီး မိမိတို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီအနေဖြင့် ပြည်သူလူထုက အပ်နှင်းထားသည့် အခွင့်အာဏာကို ကျင့်သုံးနေသည့် တရားဝင်အဖွဲ့အစည်းဖြစ်ခြင်းကြောင့် မြန်မာပြည်သူတို့၏ ဆန္ဒသဘောနှင့်အညီ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ